# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 18, 2019 Volume 16, Number 11


**၁၈.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/ကျပ် |
| CBM Rate | = ၁၅၃၀.၅/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၆.၆ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၄.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၄.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၁၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၃၃ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၉၇ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၆၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၇၆ကျပ် |

Source: CBM Rate. etrademvanmar.com

## နေကြာဆီကို ပြည်သူများစားသုံးမှုများလာသည့်အပြင် ဈေးကွက်ပါကောင်းလာသောကြောင့် မကွေးတိုင်းဒေသကြီး၌ ဆောင်းနေကြာစိုက်ပျိုးမှုပိုမိုများပြားလာ

ယခုအခါ နေကြာဆီကို ပြည်သူများစားသုံးမှုများလာသည့်အပြင် ဈေးကွက်ပါကောင်းလာသောကြောင့် မကွေးတိုင်းဒေသကြီးမှတောင်သူများ နေကြာကို ပြောင်းလဲစိုက်ပျိုးလာကြကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မကွေးတိုင်းဒေသကြီး၌ ဆောင်းရာသီတွင် မြေပဲ၊ နှမ်း၊ ပဲဇင်းငုံသီးနှံများအစား တောင်သူများဝင်ငွေပိုရပြီး တွက်ခြေကိုက်သော နေကြာစိုက်ပျိုးမှုများလာနေကာ လက်ရှိတွင် တိုင်းဒေသကြီးအတွင်း၌ ဆောင်းနေကြာစိုက်ပျိုးမှုမှာ ဧက ၄၀၀၀ ဝန်းကျင် စိုက်ပျိုးပြီးဖြစ်ပြီး ဆောင်းသီးနှံစိုက်ပျိုးမှုအပြီးတွင် နေကြာစိုက် ဧက ၆၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

မကွေးတိုင်းအတွင်းမှာ တစ်နှစ်ထက်တစ်နှစ် နေကြာစိုက်ပျိုးမှုများလာတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေကြာဆီသုံးစွဲမှုတွေရှိလာတယ်။ ရာသီဥတုဒဏ်ကို ခံနိုင်လို့ တောင်သူတွေက နေကြာစိုက်ပျိုးမှုတွေရှိလာကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး၊ စလင်း၊ ဆော၊ ကျောက်ထု၊ ဂန့်ဂေါ မြို့နယ်များတွင် နေကြာစိုက်ပျိုးမှုပိုများပြားခဲ့ပြီး ၂၀၁၈ ခုနှစ်က တိုင်းဒေသကြီးအတွင်း နေကြာစိုက်ဧက ၁၁၀၀၀၀ ကျော် စိုက်ပျိုးခဲ့သည်။ လက်ရှိမှာ နေကြာဆီကို စားသုံးမှုများလာတဲ့အတွက် ဈေးကွက်ကလည်းရ လာတယ်။ အဲဒါကြောင့်နေကြာစိုက်ပျိုးတာပါ။ အရင်ကတော့ ပဲဇင်းငုံပဲစိုက်တယ်။ ပဲဇင်းငုံက ဈေးကွက်ပျက်သွားတဲ့အတွက် နေကြာပြောင်းစိုက်ကြောင်း နေကြာစိုက် တောင်သူဦးချိုဝင်းကပြောသည်။ မကွေးတိုင်းတွင် နေကြာစိုက်ပျိုးမှုကို မိုးရာသီနှင့် ဆောင်းရာသီတွင် စိုက်ပျိုးကြသော်လည်း တောင်သူများက ဆောင်းရာသီမှသာ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

Source: https://www.facebook.com/democracytodaynewspaper/


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြန်မာနိုင်ငံထွက်သစ်သီးများ ကိုရီးယားနိုင်ငံသို့တင်ပို့ရန် ဈေးကွက်အလားအလာကောင်းများရှိနေ



ကိုရီးယားနိုင်ငံသို့ သရက်သီး၊ ဖရဲ သီး၊ သခွားမွှေး၊ ငှက်ပျောသီးနှင့် ချိုသော သီးနှံများတင်ပို့ရန် ဈေးကွက်အလားအလာကောင်းများရှိနေကြောင်းသိရသည်။ ယင်းကဲ့သို့ ဈေးကွက်အလားအလာကောင်းများ ရှိနေသဖြင့် ကိုရီးယားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်စန္ဒာမျိုးကပြောသည်။

ယင်းနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁၆ ရက်က မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်တွင်ပြုလုပ်သည့် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေထွက်လုပ်ငန်းထုတ်ကုန်များ ကိုရီးယားဈေးကွက်သို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးပွဲအပြီးတွင် ဒေါ်စန္ဒာမျိုးက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ကိုရီးယားကို ဟင်းသီးဟင်းရွက် အစိမ်း တင်ပို့ဖို့ခက်တယ်။ အစေ့ပါတယ်။ ပိုးမွှားရောဂါပါမှာကြောက်တယ်။ သူတို့နိုင်ငံက ချိုတာကိုကြိုက်တယ်လို့ သိရတော့ ကိုရီးယားနိုင်ငံကိုတင်ပို့ဖို့ အေးခဲသရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ငှက်ပျောသီးစတာတွေ တင်ပို့ဖို့ အခွင့်အလမ်းတွေရှိတယ်ဆိုတာသိရတယ်။ ဒီလိုဈေးကွက်အခွင့်အလမ်းတွေရှိပါတယ်ဆိုတာကို အသင်းဝင်တွေကို ပြောပြပြီးတော့ တင်ပို့နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ၄င်းကပြောသည်။

မြန်မာနိုင်ငံမှကိုရီးယားနိုင်ငံသို့ နမ်းနက်၊ ကဏန်းပျော့နှင့် သစ်သီးဝလံများကို အဓိကတင်ပို့နေပြီး အစေ့အဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်များမှာလည်း ကိုရီးယားနိုင်ငံတွင် ဈေးကွက်ဝယ်လိုအားများသောကြောင့် တင်ပို့နိုင်ရန်ကြိုးစား သင့်သည်ဟု Kyung Hee Uni- versity ၏ ပါမောက္ခ Young-jun Choi က အကြံပြုပြောခဲ့သည်။ ကိုရီးယားနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ မွေးမြူရေးထွက်ကုန်တင်သွင်းရာတွင် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံမှ ၁၄ ဘီလီယံအထိရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း နမ်းနက်အပါအဝင် အခြားထွက်ကုန်အမျိုးအစားများကိုလည်း တင်ပို့လျက်ရှိကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအောင်ကြည်စိုးကပြောသည်။

ယင်းနှင့်ပတ်သက်ပြီးပါမောကHyun-Yong Park က နိုင်ငံခြားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပေးပြီး မြန်မာနိုင်ငံအတွင်း ထုတ်ကုန်ပြပွဲတွေကို မကြာခဏပြုလုပ်ပေးတာတွေ၊ ရောင်းသူနှင့်ဝယ်သူ ချိတ်ဆက်ပေးတာတွေ ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုမြှင့်တင်ခြင်းကို အောင်မြင်အောင် လုပ်ဆောင်နိုင်ကြောင်းပြောသည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာ့သစ်သီးဝလံ၊ အစေ့အဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်များကို ကိုရီးယားနိုင်ငံ၌ ဈေးကွက်ဝယ်လိုအားများ၍တင်ပို့နိုင်ရန် ကြိုးစားသင့်ကြောင်း မြန်မာ့ထွက်ကုန်များအား ကိုရီးယားနိုင်ငံသို့တင်ပို့ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်လိုအပ်သည့် အထောက်အထားများနှင့်ပတ်သက်၍ ပိုးမွှားကင်းစင်ရေးတို့ကို ကိုရီးယားနိုင်ငံစီးပွားရေးပညာရှင်များက အဆိုပါဆွေးနွေးပွဲတွင် အကြံပြုပြောကြားခဲ့ကြသည်။

Source: https://www.facebook.com/democracytodaynewspaper/

## ပခုက္ကူ ကြက်သွန်နီ ဈေးကွက်အတွင်း နယ်စုံဝယ်လိုအားနည်းသည့်အတွက် တစ်ပိဿာ ကျပ် ၅၀၀ အောက် ရောက်ရှိခဲ့ပြီး တောင်သူများစိုက်ပျိုးစရိတ်ဆုံးရှုံး

ပခုက္ကူကြက်သွန်နီ ဈေးကွက်အတွင်း ယခုဖေဖော်ဝါရီလလယ် ပိုင်းတွင် နယ်စုံဝယ်လိုအား နည်းပါးသွားသည့်အတွက် တစ်ပိဿာ ကျပ် ၅၀၀ အောက်ရောက်ရှိခဲ့ပြီး တောင်သူများစိုက်ပျိုးစရိတ်ဆုံးရှုံးနေကြောင်းသိရသည်။ ပြီးခဲ့သည့် ဇန်နဝါရီလဈေးကွက်အထိ တစ်ပိဿာအမြင့်ဆုံး ၈၇၅ ကျပ်အထိ ပေါက်ဈေးရှိခဲ့သော်လည်း နယ်စုံမှ ကြက်သွန်နီ အသစ်များဝင်ရောက်လာပြီး ဝယ်လိုအားထက် ရောင်းလိုအားအလွန်အမင်းများပြားလာခြင်းကြောင့် ဈေးနှုန်း ကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။

ကုန်ပိဿာချိန် လေးသောင်းခန့်ဝင်ရောက်သည့် ဖေဖော်ဝါရီ ၁၆ ရက် ပခုက္ကူကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီ ဂွန်ကြီးတစ်ပိဿာ ၄၀၀ - ၄၂၅ ကျပ်၊ ဂွန်လတ်တစ်ပိဿာ ၃၆၅ - ၃၇၅ ကျပ်နှင့် ဂွန်သေးတစ်ပိဿာ ၃၀၀ - ၃၃၀ ကျပ် ပေါက်ဈေးရှိကြောင်းသိရသည်။ နယ်စုံကြက်သွန်အသစ်ကပေါ်နေတော့ ရန်ကုန်ဈေးကွက်ကလည်း နိုင်အောင် မဝယ်နိုင်တော့ဘူး။ လက်ရှိပြည်တွင်းသုံးပဲ နည်းနည်းချင်းရောင်းနေရတယ်။ နယ်စပ်တွေက မဆွဲကြသေးဘူး။ အဝယ်မနိုင်တော့ ဈေးချရောင်းကြတယ်။ ကုန်သည်ကလည်း ဈေးမချရင်မဝယ်နိုင်ဘူး။ ဈေးကျသွားလို့ ကုန်သည် အဆင်ပြေလားဆိုရင်မပြေဘူး။ ဒီနေ့ ၅၀၀ နဲ့ဝယ်၊ နောက်နေ့ ၄၀၀ ဖြစ်နေတော့ ကုန်သည်လည်းရှုံးတာပဲ။ လျှောင်လို့

ရတဲ့ ကြက်သွန်လည်းမဟုတ်တော့ ဝယ်ပြီးချက်ချင်းပြန်ရောင်းနေရတာ။ ဝယ်ထားသလောက် ပြန်မရောင်းနိုင်ရင် ကုန်ကျန်သလောက်ရှုံးတယ်လို့ ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုကျော်သန်းကပြောကြားသည်။
ကြက်သွန်စိုက်ပျိုးရာတွင် အသုံးပြုသည့် သွင်းအားစုများနှင့် လုပ်သားစရိတ်မြင့်တက်လာခြင်းကြောင့် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၅၀၀ ခန့် အရင်းရှိသည့်အတွက် လက်ရှိဖြစ်ပေါ်နေသည့်ဈေးနှုန်းမှာ တောင်သူများဆုံးရှုံးမှု ကြုံတွေ့ရကြောင်းသိရသည်။
ဈေးကကျနေလို့ဆိုပြီး မရောင်းဘဲထားလို့မရဘူး။ ကြက်သွန်က ကုန်စိမ်းဖြစ်တဲ့အတွက် အချိန်ကြာလေ အစိုဓာတ်ခန်းပြီး အလေးချိန်လျော့လေပဲ။ အဲဒါဆိုရင် ကျွန်တော်တို့ကပိုရှုံးတယ်။ ပေါ်စဈေးတုန်းက ရောင်းသာပေမယ့် လက်ရှိဈေးကတော့အရှုံးပဲ။ အလုံးကြီးကိုက တစ်ပိဿာမှ ၄၀၀ လောက်ရတာဆိုတော့ အရင်းမရဘူး။ ကျန်တဲ့ အလတ်နဲ့အသေးဆိုရင် တစ်ပိဿာကို၂၀၀ ကျပ်လောက်ရှုံးကြောင်း ပခုက္ကူကြက်သွန်ဒိုင်သို့ ကုန်လာရောက်ရောင်းချသူ ကိုနိုင်ဦးကပြောကြားသည်။
ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်ဦးပိုင်း ကြက်သွန်သစ်ပေါ်ချိန်တွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၀၀၀ ဝန်းကျင် ပေါက်ဈေးရှိခဲ့သည့်အတွက် တောင်သူများအကျိုးအမြတ်ရှိခဲ့ပြီး ယခုလက်ရှိတွင် တစ်ပိဿာ ကျပ် ၅၀၀ အောက်ဖြင့် ရောင်းချနေရကြောင်းသိရသည်။ ၂၀၁၈ ခုနှစ်အတွင်း ကြက်သွန်ဈေးနှုန်း ကောင်းမွန်မှုကြောင့် ယခုနှစ်စိုက်ပျိုးချိန်တွင် တောင်သူများမှာ ကြက်သွန်အား ပုံမှန်ထက်စိုက်ပျိုးခဲ့သည့်အတွက် ကုန်အထွက်နှုန်းများပြားခဲ့ပြီး ဝယ်လိုအားမှာ ယခင်အတိုင်းသာရှိကြောင်း ကုန်သည်များထံမှသိရသည်။ ပခုက္ကူကြက်သွန်နီဈေးကွက်သို့ ယောချောင်းဘေးတစ်လျှောက် ကျေးရွာများ၊ မြစ်ရေဝင်ဒေသများမှ ကျေးရွာများနှင့် စစ်ကိုင်းတိုင်းအတွင်းမှ ထွက်ရှိသည့် ကြက်သွန်နီများ တစ်နှစ်လျှင်ပိဿာချိန် သိန်း ၁၀၀ နီးပါး နှစ်စဉ်ဝင်ရောက်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/82658

## ဆန်ထွက်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရေး တရုတ်အစိုးရနှင့်ညှိနှိုင်း

ဆန်ထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ၊ ဆန်မှုန့်၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံစသည်တို့ကို ပြည်တွင်း၌ထုတ်လုပ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် တရုတ်အစိုးရနှင့်ညှိနှိုင်းလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ဖေဖော်ဝါရီ ၁၅ ရက်၌ မြန်မာတိုင်းမ်နေ့စဉ်သို့ပြောဆိုသည်။



တရုတ်နိုင်ငံမှာ အဓိကလိုအပ်နေတာက ဆန်ထွက်ပစ္စည်းတွေပါ။ ဆန်မှုန့်တို့၊ ဆန်ခေါက်ဆွဲတို့၊ ဆန်ကြာဆံတို့၊ ဆန်ကွဲကို မြန်မာနိုင်ငံကနေထုတ်လုပ်ပြီးတော့ တင်ပို့ရောင်းချဖို့ ဆွေးနွေးနေတာရှိတယ်။ တရုတ်နဲ့ဆွေးနွေးဆဲပဲ ရှိပြီးတော့ အကောင်အထည်ဖော်နိုင်မှု နည်းနည်းနှေးနေတဲ့အတွက် ပုဂ္ဂလိကဘက်ကလည်း တရုတ်နိုင်ငံ ဘက်ကို တွန်းအားပေးတယ်။ အစိုးရကလည်း တရုတ်နိုင်ငံဘက်နဲ့ ဆွေးနွေးနေရကြောင်း၊ တရုတ်နိုင်ငံဈေးကွက်မှာ ကြီးမားသည့်အတွက် နိုင်ငံအနေနဲ့တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ ကုန်ကြမ်းအဆင့် ရောင်းတာထက်စာရင် တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်ပြီးတော့ရောင်းတာက ကိုယ့်တိုင်းပြည်အတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းပိုပြီးတော့ရနိုင်ကြောင်း ဦးရဲမင်းအောင်ကပြောဆိုသည်။

ယင်းသို့တင်ပို့နိုင်ရန် အဓိကလိုအပ်နေသည့် နယ်စပ်ကုန်ပစ္စည်း အရည်အသွေးစစ်ဆေးသည့်စခန်းများ၊ သိုလှောင်ရုံများကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်ပါက နယ်စပ်မှတရားဝင်ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ပုံမှန် လမ်းကြောင်းခွဲတမ်းလည်း ရရှိမည်ဆိုပါက ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်နိုင်ကြောင်း ၎င်းကသုံးသပ်သည်။ တရုတ်နိုင်ငံရဲ့ လိုအပ်ချက်ကို တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံသူတွေနဲ့ မြန်မာနိုင်ငံက တိုင်းရင်းသားလုပ်ငန်းရှင်တွေပူးပေါင်းပြီးတော့ လုပ်တာရယ်၊ နောက်တစ်ခုက ကိုယ့်ပြည်တွင်းမှာပဲ မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ကြာဆံတို့၊ ခေါက်ဆွဲတို့ကို မြန်မာနိုင်ငံက ထုတ်လုပ်မယ်ဆိုရင် တရုတ်နိုင်ငံဘက်က ပုံမှန်ဝယ်ယူပေးဖို့ရယ်ပါ။ အဲဒီအစီအစဉ်နှစ်ခုကို မြန်မာ-တရုတ်ကုန်သည်ကြီးများအသင်းကနေတစ်ဆင့်ဆွေးနွေးပြီးတော့ ဦးစားပေးဖို့လည်း တိုက်တွန်းထားပါတယ်ဟု ဦးရဲမင်းအောင်က ဆက်လက်ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/120591.html

## သီးနှံထွက်ရှိချိန် ပဲဈေးနှုန်းကျ၍ မင်းဘူးတောင်သူများ တွက်ခြေမကိုက်



မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ကုလားပဲသီးနှံထွက်ရှိချိန်၌ ဈေးနှုန်းများကျဆင်းနေသဖြင့် တွက်ခြေမကိုက်ဘဲဖြစ်နေကြောင်း ကုလားပဲစိုက်တောင်သူများထံမှသိရသည်။ ယခင်နှစ်ကုလားပဲ သီးနှံထွက်ရှိချိန်က တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဝန်းကျင်ဈေးရှိခဲ့ပြီး ယခုနှစ်သီးနှံထွက်ရှိချိန်တွင်ပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ ၂၇၀၀၀ ဈေးသာရှိတော့သည်။ ကုလားပဲသီးနှံကို ကြားသီးနှံအဖြစ် နှစ်ဧကဝန်းကျင်စိုက်ခဲ့တယ်။ ဆောင်းအဝင် မိုးစပါးတွေ ရိတ်သိမ်းပြီးတာနဲ့ မြေကိုအလကားမထားဘဲ ကုလားပဲကြဲပက် စိုက်ပျိုးခဲ့တယ်။ စိုက်ပျိုးချိန်က မျိုးတစ်တင်းကို ကျပ် ၄၈၀၀၀ ဈေးနဲ့ ဝယ်ပြီးစိုက်ခဲ့ရတယ်။ အခုရက်ပိုင်း ကုလားပဲ ရိတ်သိမ်းစဉ်ကာလမှာ တစ်တင်းကို ကျပ် ၂၆၀၀၀၊ ၂၇၀၀၀ ဈေးပဲ ရှိတော့တယ်။ တစ်ဧကစိုက်တာကို (၈ တင်း၊ ၁၀ တင်း) လောက်သာ ထွက်ခဲ့တော့ အခုသီးနှံဈေးနှုန်းနဲ့ တောင်သူတွေဘယ်လိုမှတွက်ခြေမကိုက်ကြောင်း မင်းဘူးမြို့နယ် ရေမျက် ကျေးရွာနေ ကုလားပဲစိုက်တောင်သူ ဦးဝင်းသောင်းကပြောဆိုသည်။ ကုလားပဲတစ်ဧကစိုက်ကို မျိုးနှစ်တင်းလောက် ကုန်တယ်။ ဆေးထိုး၊ ဆေးပက်ခ၊ ပေါင်းစရိတ်၊ အလုပ်သမားစရိတ်နဲ့ဆို တစ်ဧကကျပ်နှစ်သိန်းကျော်လောက်အထိ ကုန်ကျစရိတ်ရှိတယ်။ ကုလားပဲ ထွက်ရှိတဲ့တင်းနှုန်း အခုဈေးနှုန်းနဲ့ဆိုတော့ ကုန်ကျစရိတ်က အရင်းလောက်ပဲ ပြန်ရတယ်။ ကုန်သည်က ဈေးနှိမ်ပြီးဝယ်တော့ တောင်သူတွေတွက်ခြေမကိုက်ကြောင်း ၎င်းကရှင်းပြသည်။ မင်းဘူး (စကု) မြို့နယ်တွင် ကုလားပဲ၊ နေကြာ၊ ပဲကြီးစသည့်သီးနှံများကို ဆောင်းကာလတွင် ကြားသီးနှံအဖြစ်စိုက်ပျိုးကြပြီး တစ်မြို့နယ်လုံး ကုလားပဲစိုက် ၁၉၆၀၂ ဧကရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/120563.html

## ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ယခုရက်ပိုင်းအတွင်း ပြန်လည်မြင့်တက်




ရန်ကုန်အထိုင်ဈေးကွက်ရှိ စက်သုံးဆီအရောင်းဆိုင်အများစုတွင် ဖေဖော်ဝါရီ ၁၇ ရက်က အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၀၀၊ အောက်တိန်း- 95 တစ်လီတာလျှင် ကျပ် ၇၉၀၊ ဒီဇယ် တစ်လီတာလျှင် ၈၈၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်နှုန်းရှိသည်။

စက်သုံးဆီဈေးနှုန်းများ ဇန်နဝါရီ ၁၀ ရက်ကစ၍ အပြောင်းအလဲ မရှိဘဲ တည်ငြိမ်နေခဲ့ရာမှ ဖေဖော်ဝါရီ ၁၅ ရက်ကစ၍ ဈေးနှုန်း ပြောင်းလဲခြင်းဖြစ်ပြီး ပြီးခဲ့သည့်တစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းထက် အောက်တိန်း- 92 တစ်လီတာလျှင် ၅ ကျပ်နှုန်း မြင့်တက်ခဲ့သည်။

သို့သော် ရန်ကုန်စက်သုံးဆီဈေးကွက်၌ အခြားဆီဆိုင်များထက် ဈေးလျှော့ရောင်းချနေသည့် Yangon Petrol စက်သုံးဆီဆိုင် များကမူ စက်သုံးဆီအမျိုးအစားတစ်ခုချင်းအလိုက် တစ်လီတာ လျှင် ၁၀ ကျပ်စီ မြင့်တက်ခဲ့ကြောင်း ယင်းဆိုင်၏ ဈေးနှုန်း ထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။ ခရီးသွားရာသီဆိုရင် ပြည်တွင်းစက်သုံးဆီက တက်လေ့ရှိတယ်။ ကမ္ဘာ့ရေနံစိမ်းဈေးကလည်း ဒီရက်ပိုင်းနည်းနည်းပြန်လှုပ်လာတယ်။ အဲဒါကြောင့် ဈေးနှုန်းအပြောင်းအလဲရှိလာတာလို့ပြောနိုင်ကြောင်း စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကပြော သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်ပိုင်းကစ၍ ၂၀၁၉ ဇန်နဝါရီပထမ အပတ်အထိ ဆက်တိုက်ကျဆင်းခဲ့ပြီးနောက် ယခုအခါ တစ်ကျော့ပြန်ဈေးမြင့်တက်လာခြင်းဖြစ်သည်။

**Source:** http://www.7daydaily.com/story/150218

## နိုင်ငံတကာ ရော်ဘာကုန်ကြမ်း ဈေးမြင့်လာခြင်းက ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများအတွက် မျှော်လင့်ချက်ကောင်းဖြစ်လာ




အမေရိကန်-တရုတ် ကုန်သွယ်ရေးဆွေးနွေးပွဲစတင်ချိန်တွင် ကမ္ဘာ့ရော်ဘာကုန်ကြမ်းဈေး အနည်းငယ်တက်လာခြင်းက မြန်မာနိုင်ငံမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် မျှော်လင့်ချက်ကောင်းတစ်ခု ဖြစ်လာသည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့ကပြောသည်။ နိုင်ငံတကာ၌ ရော်ဘာကုန်ကြမ်းဈေးသည် လက်ရှိ တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၁,၇၀၀ ခန့် ဈေးဖွင့်သည်။ အဆိုပါ ဈေးသည် ပြီးခဲ့သည့် ဇန်နဝါရီထက် တစ်တန်ဒေါ်လာ ၁၀၀ ခန့် မြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် ရော်ဘာကုန်ကြမ်းဈေးသည် RSS-3 အမျိုးအစား တစ်တန် ကျပ် ၇၅၀ ဈေးဖွင့်သည်။

လက်ရှိဈေးနှုန်းသည် အစေးလှီးရန် အလုပ်သမားစရိတ်အပါအဝင် ထုတ်လုပ်သူများအတွက် စိုက်ပျိုးစရိတ်ကာမိရုံသာ ရှိနေသေးကြောင်း ဘီးလင်းမြို့နယ်မှ ရော်ဘာခြံပိုင်ရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်း ၈၀ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ နေခြင်းကြောင့် အမေရိကန်၊ တရုတ်ကုန်သွယ်ရေး ပြန်လည်အဆင်ပြေမည်ဆိုပါက ဝယ်လိုအားလျော့ကျနိုင်သည့် အခြေအနေမျိုးကိုရှောင်ရှားနိုင်မည်ဟု ပြည်ပသို့ရော်ဘာကုန်ကြမ်းတင်ပို့နေသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကပြောသည်။ တရုတ်နိုင်ငံသည် ပြည်တွင်း၌ထုတ်လုပ်သည့် ကားတာယာများအပါအဝင် ရော်ဘာကုန်ချောများကို အမေရိကန်နိုင်ငံသို့ တင်ပို့မှု အများဆုံးအနက် တစ်နိုင်ငံဖြစ်သည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ဧက ၁ ဒသမ ၆ သန်းကျော်ရှိပြီး ဧကရစ်သိန်းသည် အစေးလှီးနိုင်သည့်အခြေအနေ၌ နိုင်ငံတကာ ရော်ဘာကုန်ကြမ်းဈေးကွက်အခြေအနေအပြောင်းအလဲက စိုက်ပျိုးထုတ်လုပ်သူများအတွက် အရေးပါနေသည်။ ရော်ဘာကုန်ကြမ်းကို တာယာစက်ရုံများက အများဆုံးဝယ်ယူသုံးစွဲပြီး မြန်မာနိုင်ငံတွင် ရော်ဘာကုန်ကြမ်း အသုံးပြုပြီး တာယာထုတ်လုပ်သော စက်ရုံသုံးရုံသာရှိသည်။ ထိုအခြေအနေက မြန်မာနိုင်ငံမှစိုက်ပျိုးထုတ်လုပ်သော ရော်ဘာကုန်ကြမ်း တန်ချိန်တစ်သိန်းခွဲကို ပြည်ပဈေးကွက်ပို့နိုင်မှသာ စိုက်ပျိုးထုတ်လုပ်သူများအတွက် အကျိုးအမြတ်ရှိမည်ဖြစ်သည်။

နိုင်ငံတကာရော်ဘာပညာရှင်များက ၂၀၁၉ နှစ်ကုန်တွင် ရော်ဘာဈေးနှုန်းမြင့်တက်ပြီး ဈေးကွက်ဝယ်လိုအားကောင်းလာမည်ဟု မှန်းဆနေသည်။ ကမ္ဘာ့ရော်ဘာအများဆုံးထုတ်လုပ်သည့် ထိုင်း၊ မလေးရှားနိုင်ငံမှ ရော်ဘာကုန်ကြမ်း ထုတ်လုပ်မှုကို လျှော့ချရန်စီစဉ်နေခြင်းကြောင့် ထိုကဲ့သို့မှန်းဆခြင်းဟု ဦးခိုင်မြင့်ကပြောသည်။ ထို့အပြင်အစိုးရအနေဖြင့်လည်း ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ရော်ဘာဈေးကွက်တည်ငြိမ်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှအသင်းအဖွဲ့များ၊ ခြံရှင်များနှင့်လုပ်ငန်းရှင်များပါဝင်သည့် ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်ရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူကပြောသည်။ သက်ဆိုင်ရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနှင့် စက်ရုံများကကဏ္ဍအလိုက် အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်လည်း စီမံဆောင်ရွက်နေကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

**Source:** http://www.7daydaily.com/story/150148

## နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပဲရောင်းချရန် စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသွားမည်

မတ်ပဲနှင့်ပဲစင်းငုံအဝယ်ရပ်ဆိုင်းပြီး တစ်လအတွင်း နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပဲရောင်းချရေးဆွေးနွေးညှိနှိုင်းရန် အိန္ဒိယနိုင်ငံသို့ ဖေဖော်ဝါရီတတိယပတ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့်အဖွဲ့သွားရန်စီစဉ်နေသည်။ တိကျသောခွဲတမ်းသတ်မှတ်ချက်ဖြင့် မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံအပါအဝင် ပဲဝယ်ယူရေးကို အိန္ဒိယအစိုးရနှင့်ညှိနှိုင်းရန်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

စီးပွားကူးသန်းဝန်ကြီးဌာနအပြင် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း၊ ဘုရင့်နောင် ပဲကုန်စည်ဒိုင်မှတာဝန်ရှိသူများ ပါဝင်မည်ဟု ၎င်းကပြောသည်။ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ ညှိနှိုင်းမည့်အစီအစဉ်များလည်းပါဝင်သည်။ အိန္ဒိယ အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဖြေထွက်ပေါ်လာနိုင်မည့်အခြေအနေကို မေးရာ၌ ညှိနှိုင်းရမယ့်အချက်တွေက အများကြီးရှိနေတယ်။ ဆွေးနွေးမှုပေါ်မူတည်ပြီး အဖြေထွက်လာမယ့် အခြေအနေ မျိုးပါဟု ဦးခင်မောင်လွင်ကပြောသည်။ အိန္ဒိယခရီးစဉ်တွင် အစိုးရသဘောတူညီမှုဖြင့် ပဲရောင်းချရန် နားလည်မှု စာချွန်လွှာအတွက် ပေးပို့ထားသည့် စာချုပ်မူကြမ်းနှင့်ပတ်သက်ပြီး ဆွေးနွေးစရာများပါဝင်ကြောင်း ၎င်းကပြောသည်။ နှစ်နိုင်ငံအစိုးရသဘောတူညီမှုဖြင့် ပဲရောင်းချမည့်အစီအစဉ်တွင် ဈေးနှုန်းသတ်မှတ်ချက်နှင့်ပတ်သက်၍ ပြည်တွင်းပဲ ကုန်သည်များ၊ လယ်သမားအချို့က အိန္ဒိယအစိုးရ၏ ကမ်းလှမ်းချက်ကို မနှစ်သက်ပေ။ အိန္ဒိယအစိုးရက ပဲတစ်ဇကေ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အပါအဝင် ၁၀ ရာခိုင်နှုန်း အပိုဆောင်းအမြတ်ပေးပြီးသာ မြန်မာနိုင်ငံမှပဲဝယ်ယူရန် ကမ်းလှမ်းသည်။

အိန္ဒိယကမ်းလှမ်းချက်က ပြည်တွင်းလွတ်လပ်သော ပဲဈေးကွက်ကို အကန့်အသတ်ဖြစ်စေသောကြောင့် ပဲကုန်သည်များ၊ လယ်သမားများက သဘောမတူသဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် အခက်အခဲဖြစ်သည်ဟု စီးပွားကူးသန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောခဲ့သည်။ အိန္ဒိယနှင့်အစိုးရချင်းသဘောတူညီမှုဖြင့် ပဲရောင်းချ မည့် အစီအစဉ်ကြန့်ကြာနေချိန်တွင် ၂၀၁၉ ဇန်နဝါရီ ၃၁ ရက် အိန္ဒိယအကောက်ခွန်ဌာနက ထုတ်ပြန်သည့် ပဲတင်သွင်းမှု ရပ်ဆိုင်းသည့် ကြေညာချက်သည် ပြည်တွင်းပဲဈေးကွက်အတွက် ရိုက်ခတ်မှုကြီးမားလာသည်။ ပဲစင်းငုံအသစ်တန်ချိန် ငါးသောင်းကျော်နှင့် မတ်ပဲတန်ချိန် လေးသိန်းကျော်အတွက် လတ်တလောဈေးကွက်ဈေးစု လျော့နည်းခြင်းက ပြည်တွင်း ပဲကုန်သည်များနှင့် ပဲစိုက်ပျိုးသည့် တောင်သူလယ်သမားအတွက် စိုးရိမ်စရာဖြစ်သည်။ ပါကစ္စတန်နှင့် နီပေါနိုင်ငံက မြန်မာနိုင်ငံမှ မတ်ပဲကိုဈေးတိုးပေးပြီးဝယ်ယူသော်လည်း မတ်လတွင်အသစ်ပေါ်လာမည့် မတ်ပဲတန်ချိန် လေးသိန်းကျော် အတွက် စိုက်ပျိုးစရိတ်အောက်ဈေးမကျစေရန် မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းက ပြင်ဆင်နေသည်။

စီးပွားကူးသန်းပြည်ထောင်စုဝန်ကြီးခရီးစဉ်တွင် အသင်းမှတာဝန်ရှိသူများအတူလိုက်ပါပြီး သီးသန့်ခွဲတမ်းပိုရရေးကို တောင်း ဆိုဖို့ရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ လက်ရှိပြည်တွင်း ဈေးကွက်တွင် မတ်ပဲတစ်တန်ဈေးနှုန်း ကျပ်ခြောက်သိန်းနှစ်သောင်းနှင့် ပဲစင်းငုံ (၂၀၁၇) ဈေးနှုန်းက ကျပ်ခုနစ်သိန်း ကျော်ဈေးရှိနေသည်။ ထိုဈေးနှုန်းက မတ်လမတ်ပဲအသစ်ပေါ်ချိန်တွင် အိန္ဒိယအဝယ်မရှိပါက ဈေးကျဆင်းနိုင်သည်။ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အောက်သို့ ပြည်တွင်းပဲဈေးမကျဆင်းရေး ပဲ၊ နှမ်း အများပိုင်ကုမ္ပဏီက ဈေးနှုန်းတစ်ခု သတ်မှတ်ပြီး ဝယ်ယူရန်စီစဉ်ထားသည်။

**Source:** http://www.7daydaily.com/story/150151

## အမေရိကန်စီးပွားရေးလုပ်ငန်းများ မြန်မာတွင် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန်ပြင်ဆင်လာ



အမေရိကန်နိုင်ငံသည် တရုတ်နှင့်ကုန်သွယ်မှုဆွေးနွေးပွဲများ စတင် နိုင်ချိန်တွင် မြန်မာနိုင်ငံ၌လည်း ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်း များတိုးချဲ့ရန် ပြင်ဆင်လာသည်။

အမေရိကန်ကုမ္ပဏီကြီးများက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံပြီး စီးပွား ရေးလာရောက်လုပ်ကိုင်လိုကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာစကော့မာစီရယ်မှတစ်ဆင့် အစိုးရနှင့်စီးပွား ရေးအသင်းအဖွဲ့များကို သတင်းစကားပါးခဲ့သည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးတွင် အားနည်းချက်များရှိနေသော ဆိပ်ကမ်းများဖွံ့ဖြိုး တိုးတက်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ကဏ္ဍပူးပေါင်း ဆောင်ရွက် ရန် နှစ်ကြိမ်မြောက်ဆွေးနွေးမှုကို ဖေဖော်ဝါရီ ဒုတိယပတ်က ပြုလုပ် ခဲ့သည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်သံအမတ်ကြီးတို့က ဆိပ်ကမ်းတိုးတက်ရေး အပြင် အခြားပို့ဆောင်ရေးကဏ္ဍများလည်းဆွေးနွေးခဲ့သည်။

ငွေကြေးကဏ္ဍအပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ကုမ္ပဏီများက မြန်မာနိုင်ငံတွင်ဆောင်ရွက်လိုကြောင်းကို ဖေဖော်ဝါရီ ၁၄ ရက်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အသင်းဝင်

များအား အမေရိကန်သံအမတ်ကြီးက လာရောက်ရှင်းပြသည်။ ရခိုင်ပြည်နယ်ပြဿနာများကြောင့် အမေရိကန်၊ ဥရောပ အပါအဝင် အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအဝင်လျော့ကျနေချိန်တွင် အမေရိကန်ကုမ္ပဏီများက မြန်မာတွင် ရင်းနှီးမြှုပ်နှံလိုသည့် သတင်းစကားက အားတက်စရာဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာနိုင်ငံကို စိတ်ဝင်စားသည့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များက လာမည့်ဧပြီတွင်လာရောက်ပြီး နိုင်ငံ့အခြေအနေကို လေ့လာရန် စီစဉ်ထားသည်။ ထို့အပြင် လာမည့်ဇွန်လ ဂါရှင်တန်ဒီစီ၌ပြုလုပ်မည့် အမေရိကန်ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်ထားသည်။ GE, Pepsi, Coca Cola, KFC စသော ကုမ္ပဏီများအပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် အမေရိကန်ကုမ္ပဏီစုစုပေါင်း ၂၀၊ ဒေါ်လာသန်း ၄၃၀ ကျော် ရှိနေသည်။ ထပ်မံ၍ အာမခံကုမ္ပဏီများ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် အိုင်တီနည်းပညာကုမ္ပဏီများက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ကိုင်လိုကြောင်း ဒေါက်တာမောင်မောင်လေးကပြောသည်။

**Source:** http://www.7daydaily.com/story/150038

## ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ဈေးကွက်တည်ငြိမ်ရေး ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းမည်



ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ရော်ဘာဈေးကွက်တည်ငြိမ်ရေး တို့အတွက် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၅ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် ဒုတိယသမ္မတက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရော်ဘာအရည်အသွေးမြင့်မားရေးနှင့် ရော်ဘာဈေးကွက်တည်ငြိမ်ရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကမှအသင်းအဖွဲ့များ၊ ခြံရှင်များနှင့် လုပ်ငန်း ရှင်များပါဝင်သည့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနှင့်စက်ရုံများက ကဏ္ဍအလိုက်အသင်း အဖွဲ့များဖွဲ့စည်းခြင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်လည်း စီမံ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/120581.html

## STOCK EXCHANGE (18.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 18th Feb. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,900 | 8,900 | 8,900 | 125 | 1,112,500 | 27,112,747 | 241,303 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 3,809 | 11,096,550 | 38,929,150 | 114,841 |
| MCB | 00003 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 4 | 28,400 | 10,400,986 | 73,847 |
| FPB | 00004 | 22,000 | +0 | +0.00% | 21,500 | 22,000 | 21,500 | 102 | 2,224,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,212,906 | 33,585 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.39 | +1.22 | +0.32% | 377.82 | 379.39 | 377.82 | 4,041 | 14,464,200 | 5 | 517,961 |


### Index chart




## Market Overview

As of 1:00 pm, 18th Feb. 2019

| MYANPIX | 379.39 ▲ 1.22 |
|---|---|
| Total Volume (shares) | 4,041 |
| Total Value (MMK) | 14 mil |
| Listed Company | 5 |
| Market Cap. (MMK) | 517,961 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,100 | ▼ 100 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |